ဝိတ်ကျူးချိုချိုအာနုဖြာ

# ENGLISH SPEAKING OF MY VERY OWN

# ကိုယ်ပိုင်ပြော အင်္ဂလိပ်စကား

## စိုးမြိုင်

အင်္ဂလိပ်လို ပြောလိုရေးလိုသမျှ အလွတ်မကျက်ရဘဲ
ကိုယ်တိုင်တွေး ကိုယ်ပိုင်ပြောနိုင်အောင်
စီစဉ်တင်ပြပို့ချထားသည့်
အင်္ဂလိပ်စကားပြောလေ့ကျင့်ရေးစာအုပ်

စတုတ္ထအကြိမ်

mgyoe.com

# ENGLISH SPEAKING OF MY VERY OWN

## "ငါ တကယ်ပိုင်စွမ်းနိုင်သည့် အင်္ဂလိပ်စကား"

အင်္ဂလိပ်စကားပြောကို

အငှားကြွားအဖြစ် အလွတ်မကျက်ရဘဲ

**My Very Own**

(ငါ တကယ်ပိုင်သည့် အင်္ဂလိပ်စကား) အဖြစ်

လက်တန်း ကိုယ့်အစွမ်းနှင့် ကိုယ်တွေး၍

ကိုယ့်အစွမ်းနှင့် ကိုယ် ပြောချင်သူတို့သည်

မိမိ သိသလို ရှိနေစေကာမူ လေ့ကျင့်ခန်းများကို

လွယ်လွယ်ကလေး ငါ တတ်သည်ဟု ယူဆကာ

ကျော်လွှားမသွားသင့်။

စီစဉ်ထားသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့်

နှုတ်မှ အသံအတက်အကျဖြင့်

လေ့ကျင့် ပြောကြားပါ။

ဉာဏ်သိမှ နာမ်သိဖြစ်အောင် လုပ်ပါ။

စကားပြောရာ၌ ကြာကြာတွေးကြံနေဖို့ အချိန်မရှိ။

အချိန်ယူပြီး စာရေးလည်း လေ့ကျင့်ပါ။

**အချိန်တိုအတွင်း အောင်မြင်မှု မုချရမည်**

(ဤစာအုပ်နှင့် ပူးတွဲလေ့လာရန် စီဒီပါရှိသည်)

ISBN9789997113795

USM6

9 789997 113795

2,500.00KS

mgyoe.com

ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား။ စိုးမြိုင်
မျက်နှာဖုံးဒီဇိုင်း - နိုင်ခွန်အား
စာမျက်နှာ ၃၇၇ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ဆရာကြီးဦးစိုးမြိုင်၏ စာမူစာအုပ်များအားလုံးမူပိုင် - စိတ်ကူးချိုချို

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ ဆုစာပေ၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ် (စီဒီအပါ)

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
# ENGLISH SPEAKING OF MY VERY OWN

စိုးမြိုင်

အင်္ဂလိပ်လို ပြောလို့ ရေးလိုသမျှ အလွတ်မကျက်ရဘဲ
ကိုယ်တိုင်တွေး၊ ကိုယ်ပိုင်ပြောနိုင်အောင်
စီစဉ်တင်ပြပို့ချထားသည့်
အင်္ဂလိပ်စကားပြောလေ့ကျင့်ရေးစာအုပ်။

စတုတ္ထအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

# ဆရာကြီး ဦးစိုးမြိုင်၏
# အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတေအင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CD ပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com

# Contents

## မာတိကာ

စာအုပ်ရေးသားပြုစုသူ၏အမှာစကား

စာမျက်နှာ


PART ONE_အပိုင်းတစ်

အခန်း(၁) ၁၉

တစ်ယောက်တည်း စကားပြောဘက်မပါဘဲ ပြောဆိုလေ့ကျင့်နိုင်သည့် နာမ်စား(၈)လုံး (Eight Pronouns)

Six Ways of English Speaking

စကားကြီး(၆)ခွန်းဖြင့် Intonation ခေါ် အသံအတက်အကျလေ့ကျင့်နည်း

Affirmative Sentence (ဟုတ်ဝါကျ)

Negative Sentence (မဟုတ်ဝါကျ)

Affirmative Question (ဟုတ်အမေး)

Negatve Question (မဟုတ်အမေး)

Tag Questions ခေါ် နောက်မြီးဆွဲမေးခွန်းများ

မေးခွန်း ၃၊ ၄၊ ၅၊ ၆ အနက် တစ်ခုနှင့် မေး -----။

အဖြေကတော့ ဟုတ်ရင် Yes + (1)၊မဟုတ်ရင် No + (2)

အခန်း(၂) ၂၉

Tag Questions (နောက်မြီးဆွဲ မေးခွန်းများ) နှင့် ပြောသောအခါ မှားတတ်သည့် အချက် (၂)ရပ်

စကားကြီး(၆)ခွန်းမှ ကွက်လပ်များကို မျိုးတွဲစကားလုံး (၅)မျိုးဖြင့် ဖြည့်စွက်၍ အင်္ဂလိပ်စကားပြောပုံပြောနည်း

မသိရင် မဖြစ်တဲ့ Verb Form (ကြိယာသဏ္ဌာန်) ၄-မျိုးနှင့် Participle ၂-မျိုးအကြောင်း

အကွရာသင်္ချာနည်းဖြင့် ရှင်းပြခြင်း

Present participle, Past Participle တို့

Verb မဟုတ်၊ (၁) က ပြုလုပ်ခြင်းပြ၊ (၂) က ခံရခြင်းပြ


mgyoe.com

mgyoe.com


အခန်း(၃) ၃၉

Noun (or Pronoun) + Be + Noun
အသေးစိတ် အနုစိတ် အပြန်အလှန်လေ့ကျင့်ခြင်း
အလွတ်ကျက်မှတ်ရန် နာမ်စကားလုံးများ
Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလ
ဘက်စုံလေ့ကျင့်ခန်းများ
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြွရာတင်ခြင်း (ရိုးရိုးပစ္စုပ္ပန်ကာလ)

အခန်း(၄) ၅၃

Simple Past Tense ရိုးရိုးအတိတ်ကာလ
အတိတ်အကြောင်းကို နည်းအမျိုးမျိုးဖြင့် ပြေဆိုလေ့ကျင့်ခြင်း
ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် ပြောဆို လေ့ကျင့်ခြင်း
အကြွရာတင်ခြင်း(ရိုးရိုးအတိတ်ကာလ)

အခန်း(၅) ၆၀

Simple Future Tense
ရိုးရိုးအနာဂတ်ကာလဖြင့် ဘက်ပေါင်းစုံ
ပြောဆိုရေးသားလေ့ကျင့်ခြင်း
ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့်အင်္ဂလိပ်လို
အကြွရာတင်ခြင်း (ရိုးရိုးအနာဂတ်ကာလ)

အခန်း(၆) ၆၈

Noun (or Pronoun) + Be + Place
Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလ
နေရာပြစကားစုများ

| | | |
|---|---|---|
| 'The books' | ... | 'on the table' |
| 'The cow' | ... | 'under the tree' |
| 'Mother' | ... | 'in the kitchen' |
| 'The stars' | ... | 'in the sky', etc. |

စသည်တို့ကို စကား(၆)ခွန်းနှင့် တွဲလေ့ကျင့်ခြင်း


mgyoe.com

mgyoe.com


အခန်း(၇) ၃၈

Noun (or Pronoun) + Be + Place ရိုးရိုးအတိတ်ကာလ

I ........... We, You ............ You

He, She, It ......... They နာမ်စားများဖြင့် လေ့ကျင့်ခြင်း

အခန်း(၈) ၈၈

Noun (or Pronoun) + Be + Place

Simple Future Tense ရိုးရိုးအနာဂတ်ကာလ

ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို

အကြွရာတင်ခြင်း (ရိုးရိုးအနာဂတ်ကာလ)

အခန်း(၉) ၉၅

Noun (or Pronoun) + Be + Adjective

Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလ

Adjective အလွတ်ကျက်ရန် နာမဝိသေသနများ

Convenient ၏ အသုံးထူး

ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို

အကြွရာတင်ခြင်း (ရိုးရိုးပစ္စုပ္ပန်ကာလ)

အခန်း(၁၀) ၁၀၆

Noun (or Pronoun) + Be + Adjective

Simple Past Tense ရိုးရိုးအတိတ်ကာလ

ဘက်စုံလေ့ကျင့်ခန်းများ

ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို

အကြွရာတင်ခြင်း (ရိုးရိုးအတိတ်ကာလ)

အခန်း(၁၁) ၁၂၁

Noun (or Pronoun) + Be + Adjective

Simple Future Tense ရိုးရိုးအနာဂတ်ကာလ

I ..... We, You .... You, He (She) .... They

နာမ်စားများကို နာမဝိသေသနများနှင့်တွဲ၍ လေ့ကျင့်ခြင်း

ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို

အကြွရာတင်ခြင်း (ရိုးရိုးအနာဂတ်ကာလ)


mgyoe.com

mgyoe.com

အခန်း(၁၂) ၁၂၈
Noun (or Pronoun) + Be + Present Participle
Present Continuous Tense ပစ္စုပ္ပန်ဆက်လက်ကာလ
Am, Is, Are + (Verb + Ing) ကို နာမ်စားများ၊
နာမ်များနှင့်တွဲ၍ "ပစ္စုပ္ပန် ဆက်လက်လုပ်ဆောင်ချက်"
အကြောင်းကို နည်းအမျိုးမျိုး လေ့ကျင့်ပြောကြားခြင်း
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြရာတင်ခြင်း (ပစ္စုပ္ပန်ဆက်လက်ကာလ)

အခန်း(၁၃) ၁၃၃
Noun (or Pronoun) + Be + Present Participle
(Past Continuous Tense) အတိတ်ဆက်လက်ကာလ
Was, Were + (Verb + Ing) ကို နာမ်စားများ၊
နာမ်များနှင့်တွဲ၍ "အတိတ် ဆက်လက်လုပ်ဆောင်ချက်"
အကြောင်းကို နည်းအမျိုးမျိုးလေ့ကျင့်ပြောကြားခြင်း
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြရာတင်ခြင်း (အတိတ်ဆက်လက်ကာလ)

အခန်း(၁၄) ၁၃၉
Noun (or Pronoun) + Will Be + Present Participle
Future Continuous Tense အနာဂတ်ဆက်လက်ကာလ
I ..... We, You ... You, He, She ..... They
နာမ်စားများနှင့်တွဲ၍ လေ့ကျင့်ပြောကြားခြင်း
ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြရာတင်ခြင်း (အနာဂတ်ဆက်လက်ကာလ)

အခန်း(၁၅) ၁၄၅
Noun (or Pronoun) + Be + Past Participle
Passive Voice
Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလ
I ... We, You ... You, He, She ... They

mgyoe.com

mgyoe.com

နာမ်စားများကို စကားကြီး(၆)ခွန်းဖြင့် ပြောကြားလေ့ကျင့်ခြင်း
ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြောင်းရာတင်ခြင်း (ရိုးရိုးပစ္စုပ္ပန်ကာလ)

**အခန်း(၁၆)** ၁၆၄

Noun (or Pronoun) + Be + Past participle
Passive Voice
Simple Past Tense ရိုးရိုးအတိတ်ကာလ
ဘက်စုံလေ့ကျင့်ခန်းများ
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြောင်းရာတင်ခြင်း (ရိုးရိုးအတိတ်ကာလ)

**အခန်း(၁၇)** ၁၇၄

Noun (or Pronoun) + Will Be + Past Participle
Passive Voice
Simple Future Tense ရိုးရိုးအနာဂတ်ကာလ
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြောင်းရာတင်ခြင်း (ရိုးရိုးအနာဂတ်ကာလ)
လိုရာဆွဲထုတ် တမုဟုတ်ခြင်း၊ မေးပုံဖြေပုံနည်းမျိုးစုံ
I နဲ့မေးရင် .... You (အနည်းကိန်း) နဲ့ဖြေ
We နဲ့မေးရင် .... You (အများကိန်း)နဲ့ ဖြေ
You (အနည်းကိန်း) နဲ့မေးရင် ... I နဲ့ဖြေ
You (အများကိန်း) နဲ့မေးရင် ... We နဲ့ဖြေ
မမေ့အောင်မှတ် သတိချပ်
ဟုတ်ကြောင်း မေးချင်ရင် . . W/H + (3)
မဟုတ်ကြောင်း မေးချင်ရင် ... W/H + (4)

**PART TWO အပိုင်းနှစ်**

**အခန်း(၁၈)** ၂၁၅

Verb To Do (Action Verbs)
ပြုမူလှုပ်ရှားမှုကို ဖော်ပြသော ကြိယာများ

mgyoe.com

mgyoe.com

Simple Present Tense ရိုးရိုးပစ္စုပ္ပန်ကာလ
အလွတ်ကျက်ရန် ပုံစံပြုဝါကျများ
အလွတ်ရအောင်ကျက်ရမည့် Verbs And Their Meaning
ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြွရာတင်ခြင်း (ရိုးရိုးပစ္စုပ္ပန်ကာလ)

အခန်း(၁၉) ၂၄၁

Verbs To Do (Action Verbs)
ပြုမူလှုပ်ရှားမှုကိုဖော်ပြသော ကြိယာများ
Simple Past Tense ရိုးရိုးအတိတ်ကာလ
Reflexsive Pronoun များဖြစ်ကြသော Myself, ourselves, Yourself, Yourselves, himself, herself, themselves
တို့ကို စကား(၆)ခွန်းဖြင့် ပြောဆိုလေ့ကျင့်ခြင်း
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြွရာတင်ခြင်း (ရိုးရိုးအတိတ်ကာလ)

အခန်း(၂၀) ၂၅၅

Verbs To Do (Action Verbs)
ပြုမူလှုပ်ရှားမှုကို ဖော်ပြသောကြိယာများ
Simple Future Tense ရိုးရိုးအနာဂတ်ကာလ
စကား(၆)ခွန်းကို I ... We, You ... You, He, She ... They
နာမ်စားများနှင့်တွဲ၍ လေ့ကျင့်ပြောကြားခြင်း
ဖြစ်ပေါ်လာသောအတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို
အကြွရာတင်ခြင်း (ရိုးရိုးအနာဂတ်ကာလ)
စာမကြေခြင်းသည် အစာမကြေခြင်းထက် အန္တရာယ်ပေး
တစ်ယောက်ထီးတည်း မေးသူလည်း "ငါ" ပဲ
သူလည်း"ငါ" နှစ်ယောက်ပမာ လေ့ကျင့်ပုံ

အခန်း(၂၁) ၂၈၀

W/H Questions
- W/H နှင့် စတင်သည့် မေးခွန်းများ
W/H + 3 ... W/H + 4

mgyoe.com

mgyoe.com

Why, Where, When, How
(Interrogative Adverbs) မေးခွန်းမေးသော ကြိယာဝိသေသနများ
W/H များကို verb to be များနှင့် တွဲ၍ မေးခွန်းမေးခြင်း
W/H များကို do, does, did တို့နှင့် တွဲပြီး မေးသည့်မေးခွန်းများ
Who, What (Interrogative Pronouns)
မေးခွန်းမေးသော နာမ်စကားလုံးများ
Subject အဖြစ် Object အဖြစ် နှစ်ကိုယ်ခွဲ အသုံးတော်ခံပုံ

**PART THREE အပိုင်းသုံး** ၂၉၈
Sixteen Tenses In English
အင်္ဂလိပ်ကာလ တစ်ဆယ့်ခြောက်မျိုး

**အခန်း(၂၂)**
Sixteen Tenses In English
အင်္ဂလိပ်ကာလ တစ်ဆယ့်ခြောက်မျိုး
(a) Four Simple Tenses ရိုးရိုးကာလ (၄)မျိုး
(b) Four Perfect Tenses ပြီးမြောက်ကာလ (၄)မျိုး
(c) Eight Continuous Tenses ဆက်လက်ကာလ(၈)မျိုး
Ten Passive Sentences ခံရကြောင်းပြဝါကျ (၁၀)မျိုး

**အခန်း(၂၃)** ၃၁၁
Uses Of the Tenses ကာလများကို အသုံးပြုပုံ
An Approach To Sixteen Tenses From
Present, Past And Future ကာလ (၁၆)မျိုး
ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း

**အခန်း(၂၄)** ၃၃၁
Three Kinds of Subjects "အကြောင်းအရာ" ၃ မျိုး
Main Verb And Four Verb Forms
ပဓာနကြိယာနှင့် ကြိယာသဏ္ဌာန် ၄ မျိုး
Kinds Of Subjects ကံပုဒ်အမျိုးအစားများ

mgyoe.com

mgyoe.com

အခန်း(၂၅) ၃၃၇
Sentence, Clause And Phrase
ဝါကျ၊ ကလော့စ်စကားစု၊ ဖရေ့စ်စကားစုတို့ကို လေ့လာခြင်း
အခန်း(၂၆) ၃၄၃
Simple Sentence
Compound Sentence
Complex Sentence
ရိုးရိုးဝါကျ၊ ပေါင်းစပ်ဝါကျ၊ ခက်ခဲရှုပ်ထွေးသောဝါကျ
Main Clause အဓိကစကားစု
Subordinate Clause မှီခိုစကားစု
Adjective Clause နာမဝိသေသနစကားစု
Noun Clause နာမ်စကားစု
Adverb Clause ကြိယာဝိသေသနစကားစု
Conditional Sentences အခြေအနေပြ"လျှင်"ဝါကျများ
(1) Real Conditions (Present)
အမှန်တကယ်ဖြစ်သည့် အခြေအနေပြ
"လျှင်" ဝါကျ (ပစ္စုပ္ပန်ကာလ)
(2) Unreal Conditional (Present)
အမှန်တကယ်မဖြစ်သည့် အခြေအနေပြ
"လျှင်" ဝါကျ (ပစ္စုပ္ပန်ကာလ)
(3) Unreal Conditions (Past)
အမှန်တကယ်မဖြစ်ခဲ့သည့် အခြေအနေပြ
"လျှင်" ဝါကျ (အတိတ်ကာလ)
Sequence Of Agreement
Of Tenses ကာလညီညွတ်မှု
Complex Sentences ခက်ခဲရှုပ်ထွေးသော ဝါကျများ
Main Clause ၏ ကာလနှင့် Subordinate
Clause ၏ ကာလကို ညီညွတ်အောင် ပြုလုပ်နည်း

mgyoe.com

mgyoe.com



A, An, The Articles ခေါ် နာမ်ညွှန်းစကားလုံးများ

A ကိုအသုံးပြုပုံ

*a* book ... the book, etc.

An ကိုအသုံးပြုပုံ

an + vowel sound (“အ”သံ)

*an* umbrella ... *a* university student

*an* hour ... *a* house, etc.

The ကို အသုံးပြုပုံ

The Monkey is funny.

Monkeys are funny.

The monkeys in the zoo are tame, etc.

Answers - အဖြေများ

စိုးပြိုင် ငွေးမြင့်ထွန်းကြိုင်

အင်္ဂလိပ်စကားပြောသင်တန်း

ခြံအမှတ်(၂)၊ သစ္စာရိပ်သာလမ်း၊ တာဘဲ၊ ရန်ကင်း၊ ရန်ကုန်မြို့။
(သစ္စာလမ်း၊ သံလမ်းဘတ်စ်ကားမှတ်တိုင်)

➤ အခြေခံမှစ၍သင်ရိုးကျွတ်အောင် အမြင့်ဆုံးအဆင့်ထိ လေ့ကျင့်သင်ကြားပို့ချပေးသည့်(၃)လတန်းခွဲများ

➤ အင်္ဂလိပ်စကားကို “အလွတ်ကျက် အငှားကြွား”မဟုတ်ဘဲ ကိုယ်တိုင်တွေး ကိုယ်တိုင်ပြောနိုင်အောင် စနစ်တကျ သင်ကြားပေးသည်။

mgyoe.com

mgyoe.com

# INTRODUCTION

**စာအုပ်ရေးသားပြုစုသူ၏ အမှာစကား**

When you speak or write, you have to do two things.

သင်စကားပြောတဲ့အခါ သို့မဟုတ် စာရေးတဲ့အခါ (၂)ခု သာ ပြုလုပ်ရန်ရှိတယ်။

That is sometimes you ask questions.

အဲဒါကတော့ တစ်ခါတစ်ရံမှာ သင်ဟာ မေးခွန်းမေးတယ်။

Sometimes somebody asks you questions.

တစ်ခါတစ်ရံမှာ တစ်စုံတစ်ယောက်ကသင့်ကို မေးခွန်းတွေမေးတယ်။

There is nothing more than that when you are speaking English or any languages, such as Myanmar, Chinese, Japanese, Indian, French and all the languages in the world.

သင်ဟာ အင်္ဂလိပ်ဘာသာစကား သို့မဟုတ် မြန်မာ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ပြင်သင်နဲ့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ဘာသာစကားတွေအားလုံးကို ပြောကြားတဲ့အခါမှာလည်း အဲဒါ (မေးတာ၊ ဖြေတာ) ထက် ပိုမရှိဘူး။

Don't believe me without thinking and reasoning.

ကျွန်ုပ်ပြောတာကို မစဉ်းစားမဆင်ခြင်ဘဲ မယုံကြည်လိုက်နဲ့အုံး။

Put your hand on your forehead or put your forehead on your hand and think very deeply what I said is correct or not.

သင့်ရဲ့လက်ကို နဖူးပေါ်မှာတင် သို့မဟုတ် သင့်ရဲ့နဖူးကို လက်ပေါ်မှာတင်ပြီး ကျွန်ုပ်ပြောခဲ့တာ မှန်သလား၊ မမှန်ဘူးလား ဆိုတာ လေးလေးနက်နက် စဉ်းစားကြည့်ပါ။

mgyoe.com

mgyoe.com

Let us see an example.

ဥပမာတစ်ခုကို ကြည့်ကြပါစို့။

You meet a friend of yours at the bus-stop.

သင်ဟာ သင့်ရဲ့ သူငယ်ချင်းတစ်ယောက်ကို ဘတ်စ်ကားမှတ်တိုင်မှာတွေ့ပြီ။

What will happen?

ဘာဖြစ်လိမ့်မလဲ။

I think you will first greet each other.

သင်တို့ဟာ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြလိမ့်မယ်လို့ ကျွန်ုပ်ထင်တယ်။

If it is the morning, you will say or your friend will begin to say, "Hi, Nyi Nyi, good morning. How are you?"

အဲဒီအချိန်ဟာ နံနက်ခင်းဖြစ်ရင် သင်ကသော်လည်းကောင်း၊ စပြောလိမ့်မယ်။ သို့မဟုတ် သင့်ရဲ့သူငယ်ချင်းကသော်လည်းကောင်း စပြောလိမ့်မယ်။ "ဟေး -- ညီညီ ၊ မင်္ဂလာနံနက်ခင်း၊ မင်းနေကောင်းရဲ့လား"

That is the beginning of your conversation.

အဲဒါဟာ သင်တို့ရဲ့ စကားပြောခြင်းရဲ့ အစပဲဖြစ်တယ်။

Then the possible answer may be like this.

ဒီအခါမှာ ဖြစ်ဖွယ်ရှိတဲ့ အဖြေဟာ အောက်ပါအတိုင်းဖြစ်လိမ့်မယ်။

"Fine, thanks, Tun Tun. And you?

ကောင်းတယ်ဟေ့-ကျေးဇူးပဲထွန်းထွန်း၊ မင်းကော နေကောင်းရဲ့လား။

Quite well, thank you, Nyi Nyi.

အလွန်နေကောင်းပါတယ်။ မင်းကိုကျေးဇူးတင်ပါတယ်ညီညီ။

mgyoe.com

mgyoe.com

In this way, the conversation will go on.
ဤနည်းအားဖြင့် စကားပြောခန်းဟာ ဆက်လက်လိမ့်မယ်။
May be it is in the following way.
အောက်ပါနည်းအတိုင်း ဖြစ်ကောင်းဖြစ်လိမ့်မယ်။

Tun Tun: Are you waiting for the bus?
မင်းဘတ်စ်ကား စောင့်နေတာလား။

Nyi Nyi: Yes, I am. (I'm waiting for the bus.)
အေး ဟုတ်တယ်။ (ငါဘတ်စ်ကားစောင့်နေတယ်)

Tun Tun: Where are you going to?
မင်း ဘယ်သွားမလို့လဲ။

Nyi Nyi: I am going to the office.
ငါ ရုံးသွားမလို့။

Tun Tun: Now, It's nearly 9:30, you will be late today, won't you?
ယခု ၉း၃၀ နီးပါးရှိပြီ၊ မင်း ဒီနေ့ နောက်ကျတော့မယ်နော်၊ မဟုတ်ဘူးလား။

Nyi Nyi: Surely I will. But I can't help being late. The buses are overcrowded. I can't get on them. I have been waiting here since 9 0' clock.
သေချာပေါက် ငါနောက်ကျတော့မှာပဲ။ ဒါပေမယ့် မတတ်နိုင်ဘူး၊ (နောက်ကျတာကို)။ ဘတ်စ်ကားတွေက အလွန်လူကျပ်တယ်။ ငါမတတ်နိုင်ဘူး။ ငါဒီမှာ ၉ နာရီကတည်းက စောင့်နေတာ။

❄ ❄ ❄ ❄ ❄

mgyoe.com

Now, you have read a short conversation between two friends.

ယခု သင်ဟာ သူငယ်ချင်းနှစ်ယောက်အကြားမှာ ပြောကြားတဲ့ စကားပြောခန်းတိုကလေးကိုဖတ်ပြီးပြီ။

Please look at the sentences carefully.

ကျေးဇူးပြုပြီး ဝါကျတွေကို ဂရုစိုက်ကြည့်လိုက်ပါ။

What do you find?

သင်ဘာကို တွေ့ရှိသလဲ။

All the sentences in the short conversation are questions and answers.

စကားပြောခန်းတိုရဲ့ အထဲမှာပါရှိတဲ့ ဝါကျတွေအားလုံးဟာ မေးခွန်းတွေနဲ့ အဖြေတွေ ဖြစ်ကြတယ်။

They can be nothing more than that.

သူတို့တွေဟာ အဲဒါထက်ပိုလို့မဖြစ်နိုင်ဘူး။

They must either be the questions or answers.

သူတို့တွေဟာ မေးခွန်းတွေရင်လဲဖြစ်ရမယ်။ သို့မဟုတ် အဖြေတွေရင်လဲ ဖြစ်ရမယ်။

When you speak English, you may be the questioner (the person who asks questions)or the replier (the person who replies answers).

သင် အင်္ဂလိပ်စကားပြောတဲ့အခါ မေးသူရင်လဲဖြစ်မယ် ဖြေကြားသူရင်လဲဖြစ်မယ်။

In English, it is more difficult to be the questioner than the replier.

အင်္ဂလိပ်ဘာသာမှာ မေးသူဖြစ်ရတာဟာ ဖြေသူဖြစ်ရတာထက် ပိုမိုခက်ခဲတယ်။

mgyoe.com

If a person asks you a question, you can answer easily in the short form, or you can answer depending on the question. In other words, about half of your answer will be the question.

လူတစ်ယောက်ကသင့်ကိုမေးခွန်းတစ်ခုမေးတဲ့အခါ သင်ဟာ အတိုနည်းနဲ့ အလွယ်တကူဖြေလိုက်နိုင်တယ်။ (သို့မဟုတ်) သင်ဟာ မေးခွန်းကို အမှီပြုပြီး(အလိုက်သင့်) ဖြေနိုင်တယ်။ တစ်နည်းအားဖြင့်ပြောရရင် သင့်အဖြေရဲ့ တစ်ဝက်လောက်ဟာ မေးခွန်းထဲမှာ ရှိနေလိမ့်မယ်။

So, it is easy to answer.

ထို့ကြောင့် ဖြေရတာက လွယ်တယ်။

So, it is difficult to ask question.

ထို့ကြောင့် မေးခွန်းမေးရတာက ခက်တယ်။

That is why I have invented the simpliest and easiest way of English Speaking.

ထို့ကြောင့် ကျွန်ုပ်က ရိုးရိုးရှင်းရှင်းနဲ့ အလွယ်အကူဆုံး အင်္ဂလိပ်စကားပြောနည်းကို တီထွင်ထားခြင်းဖြစ်တယ်။

It is called six ways of English speaking.

ထိုဟာကို အင်္ဂလိပ်စကားပြောနည်း ၆ ခြောက်နည်းလို့ခေါ်တယ်။

The first two are answers and the second four are questions.

ပထမနှစ်နည်းက အဖြေများဖြစ်ပြီး ဒုတိယလေးနည်းက မေးခွန်းများဖြစ်တယ်။

I believe you will be successful within the short time in Speaking English if you work hard.

သင်ကြိုးစားရင် အချိန်တိုတိုအတွင်း အင်္ဂလိပ်စကားပြောရာမှာ အောင်မြင်လိမ့်မယ်လို့ ကျွန်ုပ်ယုံကြည်တယ်။

စိုးမြိုင်

mgyoe.com

mgyoe.com

# PART ONE

# အပိုင်းတစ်

## SIX WAYS OF ENGLISH SPEAKING

## စကားကြီး (၆) ခွန်း

## WITH VERBS TO BE

| | | |
|---|---|---|
| SIMPLE PRESENT TENSE | ... | Am, Is, Are |
| SIMPLE PAST TENSE | ... | Was, Were |
| SIMPLE FUTUR TENSE | ... | Will be |

| | |
|---|---|
| (1) Affirmative Sentence | ဟုတ်ဝါကျ |
| (2) Negative Sentence | မဟုတ်ဝါကျ |
| (3) Affirmative Question | ဟုတ်အမေး |
| (4) Negative Question | မဟုတ်အမေး |
| (5) First Tag Question | ဟုတ်တယ်နော်၊ မဟုတ်ဘူးလား။ |
| (6) Second Tag Question | မဟုတ်ဘူးနော်၊ ဟုတ်သလား။ |

mgyoe.com

# အခန်း(၁)

## တစ်ယောက်တည်းစကားပြောဘက်မပါဘဲ အင်္ဂလိပ်စကား ပြောဆိုလေ့ကျင့်နိုင်သည့် နာမ်စား(၈)လုံးအကြောင်း

အင်္ဂလိပ်စကားကို လုပ်ငန်းခွင်ဝင်အောင် တစ်နည်းပြောရမယ်ဆိုရင် အလုပ်ဖြစ်အောင် ပြောတတ်ဖို့ရာ မခဲယဉ်းပါဘူး။ am, is, are, was, were, will be တို့ကို စနစ်တကျ ပြောတတ်ရင်ဖြစ်တယ်။ သူတို့တွေကို verb to be တွေလို့ခေါ်တယ်။ စကားပြောလိုတဲ့အခါမှာ ခက်ခက်ခဲခဲ စကားလုံး အကြီးအကျယ်တွေ ပြောနေစရာမလိုပါဘူး။

Verb to be တွေကို စနစ်တကျပြောဆို အသုံးချတတ်ရင် ပြောလိုတဲ့စကားရဲ့ ၇၅% ကို ပြောလို့ဖြစ်တယ်။ am, is, are က Present Tense ကိုဖော်ပြတယ်။ was, were က Past Tense ကိုဖော်ပြတယ်။ will be က Future Tense ကိုဖော်ပြတယ်။ ဒီစကားလုံးတွေဟာ ဖြစ်ကြောင်း သို့မဟုတ် ရှိကြောင်းကို အဓိပ္ပာယ်ညွှန်းဆိုတယ်။

ဒီစကားလုံးတွေနဲ့ Noun သို့မဟုတ် Pronoun တွေ တွဲဖက်ပုံကို လေ့ကျင့်ကျက်မှတ်ထားဖို့လိုတယ်။ Noun တွေနဲ့ လေ့ကျင့်မယ်ဆိုရင်တော့ ကုန်နိုင်ဖွယ်ရာမရှိဘူး။ ကမ္ဘာပေါ်မှာရှိနေတဲ့ Noun တွေက များလိုက်တာ လွန်ပါရော။ ဘယ်သူမှ အဲဒီ Noun တွေကို ကုန်စင်အောင်သိနိုင်လိမ့်မယ် မဟုတ်ဘူး။

ဒါကြောင့် အဲဒီ Noun တွေကို ကိုယ်စားပြုတဲ့ Pronoun (နာမ်စား)တွေနဲ့ အခြေခံအားဖြင့် လေ့ကျင့်ဖို့လိုအပ်တယ်။ နာမ်စားတွေနဲ့လေ့ကျင့်လို့ ကျွမ်းကျင်သွားတဲ့အခါကျမှ မိမိအလှမ်းမီရာ မိမိရဲ့ပတ်ဝန်းကျင်ဘဝနဲ့ဆိုင်ရာ Noun တွေနဲ့ အစားထိုးပြောဆို လေ့ကျင့်နိုင်တယ်။

အဓိကအားဖြင့် လေ့ကျင့်ရမယ့် နာမ်စားကလည်း အောက်ပါ



mgyae.com

mgyoe.com

အတိုင်း (၈)လုံးပဲရှိတယ်။

| | |
|---|---|
| I | We |
| ငါသည် | ငါတို့သည် |
| You | You |
| သင်သည် | သင်တို့သည် |
| He သူသည် | They သူတို့သည် |
| She သူမသည် | They သူမတို့သည် |
| it ထိုဟာသည် | They ထိုဟာတို့သည် |

I က First Person Singular Number အနည်းကိန်းဖြစ်တယ်။ We က First Person Pural Number အများကိန်းဖြစ်တယ်။ ပထမ You က Second Person Singular Number အနည်းကိန်းဖြစ်တယ်။ ဒုတိယ You က Second Person Plural Number အများကိန်းဖြစ်တယ်။ He, she, it က Third Person Singular Number အနည်းကိန်းဖြစ်တယ်။ They က Third Person Plural Number အများကိန်းဖြစ်တယ်။

He ရဲ့ အများကိန်းကလည်း They ပဲဖြစ်တယ်။ She ရဲ့ အများကိန်းကလည်း They ပဲဖြစ်တယ်။ It ရဲ့ အများကိန်းကလည်း They ပဲ ဖြစ်တယ်။ အခု အဲဒီနာမ်စားတွေနဲ့ Verb to be တွေ တွဲဖက်ပုံကို အောက်ပါအတိုင်း လေ့လာကျက်မှတ်ထားဖို့ အထူးလိုအပ်တယ်။

## စကားကြီး(၆)ခွန်းဖြင့် INTONATION ခေါ် အသံအတက်အကျ လေ့ကျင့်နည်း

(အာဂုံဆောင်နိုင်သည့်အထိ အသံထွက်၍ ပြောဆိုလေ့ကျင့်ရန်)

### FIRST PERSON (ပထမလူ)

**Singular Number (အနည်းကိန်း)**

(1) I am (I'm) ....↲
ငါဖြစ်တယ်။ ငါရှိတယ်။



mgyoe.com

(2) I am not (I'm not) .... ↲
ငါမဖြစ်ဘူး။ ငါမရှိဘူး။
(3) Am I .... ? ↗
ငါဖြစ်သလား။ ငါရှိသလား။
(4) Aren't I ....? ↗
ငါမဖြစ်ဘူးလား။ ငါမရှိဘူးလား
(5) I am (I'm) .... aren't I? ↗
ငါဖြစ်တယ်။ ရှိတယ်နော် . . . မဟုတ်ဘူးလား။
(6) I am not(I'm not) .... am I? ↗
ငါမဖြစ်ဘူး။ မရှိဘူးနော် . . . ဟုတ်သလား။

**Plural Number (အများကိန်း)**
(1) We are (we're) ... ↲
ငါတို့ ဖြစ်ကြတယ်။ ငါတို့ ရှိကြတယ်။
(2) We aren't (we're not) ... ↲
ငါတို့မဖြစ်ကြဘူး။ ငါတို့မရှိကြဘူး။
(3) Are we ...? ↗
ငါတို့ဖြစ်ကြသလား။ ငါတို့ရှိကြသလား။
(4) Aren't we ...? ↗
ငါတို့မဖြစ်ကြဘူးလား။ ငါတို့ မရှိကြဘူးလား။
(5) We are(we're), ... aren't we ...? ↗
ငါတို့ဖြစ်ကြတယ်။ ရှိကြတယ်နော် . . မဟုတ်ဘူးလား. . . ။
(6) We aren't (we're not), ... are we? ↗
ငါတို့မဖြစ်ကြဘူး။ မရှိကြဘူးနော် . . ဟုတ်သလား။

မှတ်ချက် ။ ။ Intonation ခေါ် အသံတက်ခြင်း၊ ကျခြင်း။ (၁) နဲ့ (၂)ဟာ ရိုးရိုးဝါကျများဖြစ်လို့ အသံကျတယ်။ (၃)(၄)(၅)(၆) တို့ဟာ W/H (what, who, which, where, when, why, while,



mgyoe.com

mgyoe.com

how စသည်တို့ . . )နဲ့ မစတဲ့ တစ်နည်းပြောရရင် yes, no နဲ့ ဖြေကြားလို့ရတဲ့ မေးခွန်းအမျိုးအစား ဖြစ်တဲ့ အတွက် အသံတက်တယ်။ ဥပမာ Am I...? ဆိုရင် I မှာ အသံတက်တယ်။ Am I a student? ဆိုရင် student မှာ အသံတက်တယ်။ Am I in the class?.ဆိုရင် class မှာ အသံတက်တယ်။ လိုရင်း မှတ်ဖို့က နောက်ဆုံးစကားလုံးမှာ အသံတက်တယ်။ အခြားမေးခွန်းများလည်း အသံတက်ပုံ ဒီအတိုင်းပဲမှတ်)

## SECOND PERSON (ဒုတိယလူ)

**Singular Number (အနည်းကိန်း)**

(1) You are (you're) ... ↲
မင်းဖြစ်တယ်။ မင်းရှိတယ်။

(2) You aren't (you're not)... ↲
မင်းမဖြစ်ဘူး။ မင်းမရှိဘူး။

(3) Are you ...? ↗
မင်းဖြစ်သလား။ မင်းရှိသလား။

(4) Aren't you ...? ↗
မင်းမဖြစ်ဘူးလား။ မင်းမရှိဘူးလား။

(5) You are (you're) ... aren't you? ↗
မင်းဖြစ်တယ်။ မင်းရှိတယ်နော် . . . မဟုတ်ဘူးလား။

(6) You aren't (you're not) ... are you ...? ↗
မင်းမဖြစ်ဘူး။ မင်းမရှိဘူးနော် . . . ဟုတ်သလား။

**Plural Number (အများကိန်း)**

(1) You are (you're) ... ↲
မင်းတို့ဖြစ်ကြတယ်။ မင်းတို့ ရှိကြတယ်။

(2) You aren't (you're not) ... ↲
မင်းတို့မဖြစ်ကြဘူး။ မင်းတို့မရှိကြဘူး။

mgyoe.com

(3) Are you ...? ↗
မင်းတို့ဖြစ်ကြသလား၊ မင်းတို့ရှိကြသလား။

(4) Aren't you ...? ↗
မင်းတို့မဖြစ်ကြဘူးလား။ မင်းတို့မရှိကြဘူးလား။

(5) You are (you're) ... aren't you? ↗
မင်းတို့ဖြစ်ကြတယ်။ မင်းတို့ရှိကြတယ်နော် . . မဟုတ်ဘူးလား။

(6) You aren't (you're not) ... are you? ↗
မင်းတို့မဖြစ်ကြဘူး။ မင်းတို့မရှိကြဘူးနော် . . ဟုတ်သလား။

## THIRD PERSON (တတိယလူ)

**Singular Number (အနည်းကိန်း)**

(1) He is (he's) ... ↘
သူ ဖြစ်တယ်။ သူ ရှိတယ်။

(2) He isn't (he's not) ... ↘
သူ မဖြစ်ဘူး။ သူ မရှိဘူး။

(3) Is he ...? ↗
သူ ဖြစ်သလား။ သူ ရှိသလား။

(4) Isn't he ...? ↗
သူ မဖြစ်ဘူးလား။ သူ မရှိဘူးလား။

(5) He is (he's) ..., isn't he? ↗
သူ ဖြစ်တယ်။ သူ ရှိတယ်နော် . . . မဟုတ်ဘူးလား။

(6) He isn't (he's not) ... is he? ↗
သူ မဖြစ်ဘူး။ သူ မရှိဘူးနော် . . . ဟုတ်သလား။

(1) She is (she's) ... ↘
သူမ ဖြစ်တယ်။ သူမ ရှိတယ်။

(2) She isn't (she's not) ... ↘
သူမ မဖြစ်ဘူး။ သူမ မရှိဘူး။



mgyoe.com

(3) Is she ...? ↗

သူမ ဖြစ်သလား။ သူမ ရှိသလား။

(4) Isn't she ...? ↗

သူမ မဖြစ်ဘူးလား။ သူမ မရှိဘူးလား။

(5) She is (she's) ..., isn't she? ↗

သူမ ဖြစ်တယ်။ သူမ ရှိတယ်နော် . . . မဟုတ်ဘူးလား။

(6) She isn't (she's not) ..., is she? ↗

သူမ မဖြစ်ဘူး။ သူမ မရှိဘူးနော် . . . ဟုတ်သလား။

(1) It is (it's)... ↘

ထိုဟာဖြစ်တယ်။ ထိုဟာရှိတယ်။

(2) It isn't (it's not) ... ↘

ထိုဟာမဖြစ်ဘူး။ ထိုဟာမရှိဘူး။

(3) Is it ...? ↗

ထိုဟာဖြစ်သလား။ ထိုဟာရှိသလား။

(4) Isn't it ...? ↗

ထိုဟာမဖြစ်ဘူးလား။ ထိုဟာ မရှိဘူးလား။

(5) It is (it's) ..., isn't it? ↗

ထိုဟာဖြစ်တယ်။ ထိုဟာ ရှိတယ်နော် . . . မဟုတ်ဘူးလား။

(6) It isn't (it's not) ... is it? ↗

ထိုဟာမဖြစ်ဘူး။ ထိုဟာမရှိဘူးနော် . . . ဟုတ်သလား။

**Plural Number (အများကိန်း)**

(1) They are (they're) ↘

ထိုဟာများ ဖြစ်ကြတယ်။ ထိုဟာများရှိကြတယ်။

(2) They aren't (they're not) ... ↘

ထိုဟာများ မဖြစ်ကြဘူး။ ထိုဟာများ မရှိကြဘူး။

(3) Are they...? ↗

ထိုဟာများ ဖြစ်ကြသလား။ ထိုဟာများ ရှိကြသလား။



mgyoe.com

(4) Aren't they ...? ↗

ထိုဟာများ မဖြစ်ကြဘူးလား။ ထိုဟာများ မရှိကြဘူးလား။

(5) They are (they're)..., aren't they? ↗

ထိုဟာများဖြစ်ကြတယ်။ ထိုဟာများရှိကြတယ်နော်. . . မဟုတ်ဘူးလား။

(6) They aren't (they're not) ... are they? ↗

ထိုဟာများ မဖြစ်ကြဘူး။ ထိုဟာများ မရှိကြဘူးနော် . . . ဟုတ်သလား။

## ဟုတ်ဝါကျ၊ မဟုတ်ဝါကျ၊ ဟုတ်အမေး၊ မဟုတ်အမေးနှင့် နောက်မြီးဆွဲ မေးခွန်းများ

အထက်ပါဝါကျ(၆)ကြောင်းတို့ဟာ အင်္ဂလိပ်စကားပြောနည်းရဲ့ လိုရင်းဝါကျများဖြစ်ကြတယ်။ သွက်သွက်လက်လက် မထစ်မငေါ့ အလွတ်ရအောင် ကျက်ထားဖို့လိုတယ်။ (၁) ဝါကျက ဖြစ်ကြောင်း၊ ရှိကြောင်းကိုပြောတယ်။ အင်္ဂလိပ်လို Affirmative Sentence (ဟုတ်ဝါကျ)လို့ခေါ်တယ်။ (၂) ဝါကျက မဖြစ်ကြောင်း၊ မရှိကြောင်းကို ပြောတယ်။ အင်္ဂလိပ်လို Negative Sentence (မဟုတ်ဝါကျ) လို့ ခေါ်တယ်။ (၃)ဝါကျက ဖြစ်သလား။ ဟုတ်သလားလို့မေးတယ်။ အင်္ဂလိပ်လို Affirmative Question (ဟုတ်အမေး)လို့ ခေါ်တယ်။ (၄)ဝါကျက မဖြစ်ဘူးလား။ မဟုတ်ဘူးလားမေးတယ်။ အင်္ဂလိပ်လို Negative Question (မဟုတ်အမေး)လို့ ခေါ်တယ်။ (၅)ဝါကျက ဖြစ်တယ်၊ ဟုတ်တယ်နော်၊ မဟုတ်ဘူးလားလို့ မေးတယ်။ အင်္ဂလိပ်လို First Tag Question (ပထမနောက်မြီးဆွဲမေးခွန်း) လို့ခေါ်တယ်။ (၆) ဝါကျက မဖြစ်ဘူး။ မဟုတ်ဘူးနော် . . ဟုတ်သလားလို့မေးတယ်။ အင်္ဂလိပ်လို Second Tag Question (ဒုတိယနောက်မြီးဆွဲမေးခွန်း) လို့ခေါ်တယ်။



mgyoe.com

mgyee.com

## မေးခွန်း ၃,၄,၅,၆ အနက်တစ်ခုခုနှင့်မေး၊ အဖြေက ဟုတ်ရင် Yes, + 1 မဟုတ်ရင် No, + 2

အင်္ဂလိပ်စကားပဲပြောပြော တခြားဘာသာစကားပဲပြောပြော စကားပြောကြပြီဆိုတဲ့အခါမှာ မိမိကမေးသူရင်ဖြစ်မယ်။ ဖြေကြားသူရင် ဖြစ်မယ်။ အဲဒါကလွဲလို့ တခြားဘာမှမရှိဘူး။ မိမိကမေးရင် သူတစ်ပါးက ဖြေမယ်။ သူတစ်ပါးကမေးရင် မိမိကဖြေမယ်။ အထက်ဖော်ပြပါ စကား (၆)ကြောင်းထဲမှာ အမေးတွေလည်းပါတယ်။ အဖြေတွေလည်းပါတယ်။

သူများကမေးလို့ ကိုယ်က ဖြေလှည့်ကြုံပြီဆိုပါတော့။ ဟုတ်ကြောင်းကိုဖြစ်စေ၊ မဟုတ်ကြောင်းကိုဖြစ်စေ၊ တစ်ခုခုဖြေရမှာ ဧကန်ပဲ။ ဟုတ်ကြောင်း ဖြေလိုရင် နံပါတ်(၁)ဝါကျရဲ့ ရှေ့မှာ Yes, ထည့်ပြီး( , ) ထည့်ပေးလိုက်ရင် ပြီးတော့တာပဲ။ မဟုတ်ကြောင်းဖြေလိုရင် နံပါတ် (၂)ဝါကျရဲ့ရှေ့မှာ No, ထည့်ပြီး ( , )ထည့်ပေးလိုက်ရုံပဲ။ သင်္ကေတနဲ့ ပြရရင် အောက်ပါအတိုင်းဖြစ်မယ်။

Yes, + (1)          No, + (2)

ဒါကိုပိုရှင်းအောင် အောက်ပါဥပမာကိုကြည့်ပါ။

Are you a seaman?

မင်းဟာ သင်္ဘောသားတစ်ယောက်လား။

Yes, I am a seaman.

အေး . . . ငါဟာ သင်္ဘောသားတစ်ယောက်ဖြစ်တယ်။

(သို့မဟုတ်)

No, I am not a seaman.

ဟင့်အင်း. . ငါဟာ သင်္ဘောသားတစ်ယောက်မဟုတ်ဘူး။

(အတိုနည်းနဲ့ ဖြေချင်ရင်တော့ . . .


mgyee.com

Yes, I am. အေး . . ဟုတ်တယ်။

No, I am not. ဟင့်အင်း . . မဟုတ်ဘူး။)

အထက်ပါ ဥပမာကို သတိပြု ဆန်းစစ်ကြည့်ပါ။ မေးခွန်းက စကား(၆)ကြောင်းထဲက နံပါတ်(၃)ဝါကျဖြစ်နေတာကို တွေ့ရလိမ့်မယ်။ အဖြေက နံပါတ်(၁)ဝါကျရဲ့ရှေ့မှာ Yes, ထည့်ထားတာဖြစ်ကြောင်း တွေ့နိုင်တယ်။ ဒါက ဟုတ်ကြောင်း ဖြေလိုတဲ့အခါမှာဖြစ်တယ်။ မဟုတ်ကြောင်းဖြေလိုတဲ့အခါမှာတော့ နံပါတ်(၂)ဝါကျရဲ့ရှေ့မှာ No, ထည့်ပေးလိုက်ခြင်းပဲဖြစ်ကြောင်း သဘောပေါက်နိုင်လောက်ပြီ။ Yes, + (1), No, + (2) ဆိုတာ အဲဒီလို ဖြေကြားရခြင်းဖြစ်ကြောင်းကို ဆိုလိုတာ။

မေးလိုက်တဲ့အခါမှာ (၃)(၄)(၅)(၆) ထဲက တစ်ခုခုနဲ့ မေးနိုင်တယ်။ ဘယ်ဟာနဲ့မေးမေး အဖြေကတော့ ဟုတ်ရင် Yes, +(1) မဟုတ်ရင် No, + (2) သာဖြစ်တယ်။ လိုရင်းကိုထပ်ပြီးတော့ ရှင်းအုံးမယ်။

**(၁) နဲ့ (၂) က အဖြေ**

**(၃) (၄) (၅) (၆) က အမေးတွေ**

(၁)က ဟုတ်ကြောင်းကိုဖြေတယ်။ (၂)က မဟုတ်ကြောင်းကို ဖြေတယ်။ (၃)က ဟုတ်သလားလို့ မေးတယ်။ (၄)က မဟုတ်ဘူးလား လို့မေးတယ်။ (၅)က ဟုတ်တယ်နော် . . မဟုတ်ဘူးလားလို့ မေးတယ်။ (၆)က မဟုတ်ဘူးနော် . . ဟုတ်သလားလို့မေးတယ်။

မေးချင်တာနဲ့မေး အဖြေကတော့ အတူတူပဲ။

* * * * *



mgyoe.com

# အခန်း(၂)

## Tag Questions (နောက်မြီးဆွဲ မေးခွန်းများ)နှင့် ပြောတဲ့အခါ မှားတတ်တဲ့ အချက်(၂)ရပ်

ဒီနေရာမှာ Tag Question နောက်မြီးဆွဲမေးခွန်း (၂)ခုရဲ့ အကြောင်းကို အနည်းငယ် ရှင်းပြချင်တယ်။ နောက်မြီးဆွဲမေးခွန်းနဲ့ ပြောဆိုတဲ့အခါ မှားတတ်တဲ့ အချက် နှစ်ချက်ရှိတယ်။

ပထမမှားတတ်တဲ့အချက်က နောက်မြီးဆွဲ မေးခွန်းတွေဟာ အပိုင်းနှစ်ပိုင်းရှိတယ်။ ရှေ့အပိုင်းက ဟုတ်ကြောင်းပြောတဲ့ ဝါကျတို၊ နောက်အပိုင်းက မဟုတ်ကြောင်းမေးတဲ့ မေးခွန်းတို။ ဒါက ပထမ နောက်မြီးဆွဲမေးခွန်း။ ဒုတိယနောက်မြီးဆွဲမေးခွန်းကတော့ ပထမပိုင်းက မဟုတ်ကြောင်းပြောတဲ့ ဝါကျတို၊ ဒုတိယပိုင်းက ဟုတ်ကြောင်းမေးတဲ့ မေးခွန်းတို။

ပထမပိုင်းကလည်း မေးခွန်း၊ ဒုတိယပိုင်းကလည်း မေးခွန်း ဖြစ်လို့မရကြောင်း သတိပြုပါ။ အဲဒီလိုပြောရင် ရေးရင် မှားပါလေရော။ မှားတာမှ မဟာအမှား။ နောက်တစ်ချက်မှတ်ဖို့က ပထမပိုင်းမှာသာ နာမ်ကိုသုံးနိုင်တယ်။ မေးခွန်းဖြစ်တဲ့ ဒုတိယပိုင်းမှာ နာမ်ကိုသုံးလို့ မရ။ နာမ်စားကိုသာ သုံးရမယ်။ ဥပမာ -

You are a seaman, aren't *you*?

မင်းဟာ သင်္ဘောသားတစ်ယောက်ဖြစ်တယ်နော် . . မဟုတ်ဘူးလား။

You aren't a seaman, are *you*?

မင်းဟာ သင်္ဘောသားတစ်ယောက်မဟုတ်ဘူးနော်. . ဟုတ်သလား။

အခု ဥပမာပြထားသလိုသာ ဖြစ်ရမယ်။

ရှေ့ပိုင်းကဝါကျတို နောက်ပိုင်းက မေးခွန်းတို။

Are you a seaman, aren't *you*?

အဲဒီလိုပြောလိုက်ရင် မှားပါလေရော။ ရှေ့ပိုင်းရော နောက်ပိုင်းရော မေးခွန်းဖြစ်နေလို့။

mgyoe.com

Nyi Nyi is a seaman, isn't *he*?

ညီညီဟာ သင်္ဘောသားတစ်ယောက်ဖြစ်တယ်နော်. . မဟုတ်ဘူးလား။

ဒုတိယပိုင်းမှာ နာမ်ကိုမသုံးရဘူး။ နာမ်စားကိုသာ သုံးရမယ် ဆိုတာကတော့ အထက်ပါဝါကျမျိုးကို ဆိုလိုခြင်းဖြစ်တယ်။ အဲဒီလို ပြောမှသာမှန်မယ်။

တကယ်လို့ . . .

Nyi Nyi is a seaman, isn't Nyi Nyi?

အခုလိုပြောလိုက်ရင် မှားတော့တာပဲ။ ဘာကြောင့်လဲဆိုရင် ဒုတိယပိုင်းမှာ နာမ်စားမသုံးဘဲ Nyi Nyi ကို ထပ်သုံးထားလို့ ဖြစ်တယ်။

## စကားကြီး(၆)ခွန်းမှ ကွက်လပ်များကို မျိုးကွဲစကားလုံး (၅)မျိုးဖြင့် ဖြည့်စွက်၍ အင်္ဂလိပ်စကား ပြောပုံပြောနည်း

စကားကြီး(၆)မျိုးထဲမှ ပထမဆုံးအုပ်စုရဲ့ နံပါတ်(၁) စာကြောင်းကို ကြည့်လိုက်ရင် . .

I am (I'm)...

ငါဖြစ်တယ်၊ ငါရှိတယ်။

အင်္ဂလိပ်စာကြောင်းမှာအထက်ပါအတိုင်း. . ကွက်လပ်ပါရှိနေတာကို တွေ့ရလိမ့်မယ်။ ကျက်ရိုးကျက်စဉ် အရသာ

(1) I am (I'm)...

(2) I am not (I'm not)...

(3) Am I ....?

(4) Aren't I ....?

(5) I am ... aren't?

(6) I am not (I'm not) .... am I? စသည်ဖြင့် အာသွက် လျှာသွက်ဖြစ်ပြီး စဉ်းစားမနေရဘဲ တစ်မုဟုတ်ချင်း ပြောနိုင်အောင် လေ့ကျင့်ပြောဆိုရတာ မှန်ပေမယ့် တကယ်စကားပြောတဲ့အခါမှာ အဲဒီ



mgyoe.com

mgyoe.com

အတိုင်း ပြောလို့မရဘူး။

ကွက်လပ်ထဲမှာ စကားလုံး (၅)မျိုးထဲမှ တစ်မျိုးမျိုးနဲ့ ဖြည့်စွက်ပေးဖို့လိုတယ်။ ဒီစကားလုံး (၅)မျိုးကတော့ အောက်ပါအတိုင်းဖြစ်တယ်။

(၁) Noun (နာမ်) သို့မဟုတ် Pronoun (နာမ်စား)
(၂) Place (နေရာပြတဲ့စကားလုံး/စကားစု)
(၃) Adjective (နာမဝိသေသန)
(၄) Present Participle (Verb + ing)
(၅) Past Participle (ed/en စသည်တို့ပါရှိသည့် ကြိယာသဏ္ဌာန်)

ယင်းတို့ကို စာသင်သားများ၊ လေ့လာသူများ မှတ်သားကျက်မှတ်လို့လွယ်အောင် အောက်ပါအတိုင်း မှတ်သားထားနိုင်တယ်။

(၁) **Noun + be + Noun ရေးနည်းဖြစ်တယ်။**

Pronoun (နာမ်စား) နဲ့ သုံးနှုန်းရေးသားတာပင် ဖြစ်စေကာမူ ရွတ်ဖတ်မှတ်သားရာမှာ လွယ်ကူစေဖို့အတွက် Noun + be + Noun ရေးနည်းလို့ပဲခေါ်မယ်။ တကယ်တော့လည်း နာမ်စားဆိုတာဟာ နာမ်ရဲ့အစားသုံးထားတာမို့ လိုရင်းအားဖြင့်ကတော့ Noun နဲ့ မထူးလှပါဘူး။

အခု ဒီရေးနည်းကို ဥပမာပြမယ်။ ဒါကလည်း တခြားမဟုတ်ဘူး။ ကျက်မှတ်ထားတဲ့ ပထမဆုံးစကားကြီး(၆)ခွန်းအုပ်စုထဲက ပထမဆုံးစာကြောင်းရဲ့ ကွက်လပ်ထဲကို Noun (နာမ်) တစ်ခုထည့်လိုက်ရင် အောက်ပါအတိုင်း ဖြစ်သွားတော့တာပဲ။

I am a student.

ငါဟာ ကျောင်းသားတစ်ယောက်ဖြစ်တယ်။

အခုလို ကွက်လပ်ထဲမှာ Noun ထည့်လိုက်ရင် "ဖြစ်ကြောင်း"ကိုဖော်ပြတယ်။ ဒါဆိုရင် (၂) (၃) (၄) (၅) (၆) တို့ကိုလည်း ဒီနည်းအတိုင်းဆက်ပြောလို့ရပြီ။

(၂) **Noun + be + Place ရေးနည်းဖြစ်တယ်။**

ဒီရေးနည်းမှာကျတော့ ကွက်လပ်ထဲမှာ နေရာပြတဲ့ စကားလုံး/

mgyoe.com

စကားစုကို ထည့်လိုက်ဖို့လိုတယ်။ အောက်ပါဥပမာကို ကြည့်ပါ။

I am in the class.

ငါဟာ စာသင်ခန်းထဲမှာရှိတယ်။

အခုလို ကွက်လပ်ထဲမှာ နေရာပြတဲ့ စကားစုကိုထည့်လိုက်ရင် ရှိကြောင်းကို ဖော်ပြတယ်။

(၃) **Noun + be + Adjective ရေးနည်းဖြစ်တယ်။**

ဒီရေးနည်းမှာကျတော့ ကွက်လပ်ထဲမှာ မိမိပြောလိုတဲ့ ဆီလျော်ရာ နာမဝိသေသနတစ်လုံးကို အောက်ပါအတိုင်း ထည့်လိုက်တယ်။

I am clever.

ငါဟာ တော်တယ်။

နာမဝိသေသန စကားလုံးမှန်သမျှဟာ "... သော"ဆိုတဲ့ အဓိပ္ပာယ်နဲ့ဆုံးတယ်။ clever = တော်သော၊ လိမ္မာသော။ ရှေ့မှာရှိတဲ့ am နဲ့ ပေါင်းလိုက်တဲ့အခါ am clever လို့ ဖြစ်သွားတယ်။ အဓိပ္ပါယ်က "တော်သည်၊ လိမ္မာသည်"လို့ ရတယ်။ am lazy = ပျင်းသည်။ am hungry = ဆာသည်။ စသဖြင့် အဓိပ္ပာယ်ထွက်တယ်။

(၄) **Noun + be + Present Participle ရေးနည်း ဖြစ်တယ်။**

ဒီရေးနည်းမှာကျတော့ ကွက်လပ်ထဲမှာ Verb + ing ထည့်လိုက်ဖို့ လိုတယ်။ အောက်ပါဥပမာကို ကြည့်ပါ။

I am reading.

ငါဟာ စာဖတ်နေတယ်။

မိမိပြောဆိုဖော်ပြလိုက်တဲ့ ကြိယာပစ္စုပ္ပန်သဏ္ဌာန်ကို ing ထည့်လိုက်တာပါပဲ။ ထိုင်နေတယ်လို့ ပြောချင်ရင် .. I am sitting. မတ်တတ်ရပ်နေတယ်လို့ ပြောချင်ရင်.. I am standing. ပြေးနေတယ်လို့ပြောချင်ရင် .. I am running စသဖြင့် ပြောလိုက်ရင် ပြီးပါတယ်။

(၅) **Noun + be + Past Participle ရေးနည်းဖြစ်တယ်။**

ဒီရေးနည်းမှာကျတော့ ကွက်လပ်ထဲမှာ များသောအားဖြင့် Past



mgyoe.com

mgyoe.com

Participle (verb + en/ed) ကို ထည့်လိုက်ဖို့လိုတယ်။ ဒီအခါမှာ Passive Voice ဖြစ်သွားတယ်။ တကယ်တော့ Passive Voice ဆိုတာဟာ Subject က ခံရကြောင်းကို ဖော်ပြတဲ့ ဝါကျဖြစ်တယ်။ အောက်ပါဥပမာကို ကြည့်ပါ။

I am **punished** by the teacher.

ငါဟာ ဆရာရဲ့ ဒဏ်ပေးခြင်းကို ခံရတယ်။

မိမိ ပြောဆိုဖော်ပြလိုတဲ့ ကြိယာရဲ့ နောက်ဆုံးသဏ္ဌာန်ကို ထည့်လိုက်ရုံပဲဖြစ်တယ်။ အောက်ပါဝါကျများကို ကြည့်ပါ။

I am **beaten** by the teacher.

ငါဟာ ဆရာရဲ့ ရိုက်ခြင်းကိုခံရတယ်။

I am **praised** by the teacher.

ငါဟာ ဆရာရဲ့ ချီးမွမ်းခြင်းကိုခံရတယ်။

I am **pleased.**

ငါသဘောကျတယ်။

အခု အဲဒီရေးနည်း (၅)မျိုးကို တစ်ခုချင်းလေ့ကျင့်မယ်။

**မသိရင်မဖြစ်တဲ့ ကြိယာ သဏ္ဌာန်(၄)မျိုးနဲ့ Participle (၂)မျိုး**

တကယ်တော့ Noun + be + Noun ရေးပုံရေးနည်းတွေကို အသေးစိတ် အနုစိတ် အခုလေ့ကျင့်ဖို့ပါပဲ။

ဒါပေမယ့် ပြီးခဲ့တဲ့အခန်းမှာ Present Participle နဲ့ Past Participle ဆိုတဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေကို ထည့်သွင်းပြောထားတော့ ရှေ့ခရီးမဆက်ခင် သူတို့တွေရဲ့အကြောင်းကို စကားချပ်အဖြစ် ကြားဖြတ်ရှင်းပြဦးမှဖြစ်မယ်။

စာသင်သားအများစုတို့ဟာ Verb One, Verb Two, Verb Three ဆိုတဲ့ အခေါ်အဝေါ်တွေနဲ့ ယဉ်ပါးပြီးဖြစ်ဖွယ်ရှိတယ်။ အကုန်သိမ်းကြုံးပြီး Verb Form (ကြိယာသဏ္ဌာန်)လို့တော့ ခေါ်ပါရဲ့။

စင်စစ်ကတော့ Verb One နဲ့ Verb Two ကသာ Verb

mgyoe.com

(ကြိယာ)အစစ်ဖြစ်တယ်။ Verb Three လို့ ယေဘုယျအားဖြင့် လက်ခံ ခေါ်ဝေါ်နေတဲ့ စကားလုံးတွေဟာ လုံးဝ Verb (ကြိယာ) မဟုတ်ဘူး။

အမှန်အားဖြင့်တော့ Past Participle သာဖြစ်တယ်။ အင်္ဂလိပ် ဘာသာမှာ Participle ဆိုတာဟာ နာမဝိသေသနကဲ့သို့ အဓိပ္ပာယ်ရှိ သော စကားလုံးလို့ဆိုလိုတယ်။ Participle နှစ်မျိုးရှိတယ်။

## 1. *Present Participle*

Present Participle ဆိုတာဟာ Present Verb က ပြောင်းလဲ ဖြစ်ပေါ်လာတဲ့ စကားလုံးလို့ ဆိုလိုတယ်။ Present Verb ကို ing ထည့်လိုက်ရင် Present Participle ဖြစ်တယ်။

ဥပမာ . . . Run ဆိုတဲ့ စကားလုံးဟာ Present Verb ဖြစ်တယ်။ ပြေးသည် လို့ အဓိပ္ပာယ်ရတယ်။ run ကို ing ထည့်ချင်ရင် n အပို တစ်လုံးထည့်ပြီးတော့မှ ing ထည့်ရတယ်။ အောက်ပါအတိုင်း ဖြစ်လာတယ်။

'ပြုလုပ်ခြင်း' ကို ဖော်ပြတယ်။

running = ပြေးနေသော

ဒီစကားလုံးကို နာမဝိသေသနကို သုံးသလို သုံးနိုင်တယ်။

ဥပမာ . . . I see a **running dog.**

ငါဟာ ပြေးနေသောခွေးတစ်ကောင်ကိုမြင်တယ်။

'ပြေးနေသော' လို့ အဓိပ္ပာယ်ထွက်ကြောင်း သတိပြုမှတ်သားပါ။

The dog is **running.**

ခွေးဟာ ပြေးနေတယ်။

ဒီဝါကျကို ဆန်းစစ်ကြည့်လိုက်ရင်လည်း 'ပြေးနေသည်' လို့ ဖြစ် တာဟာ running တစ်လုံးတည်း ဖြစ်တာမဟုတ်ဘူး။ ရှေ့မှာရှိနေတဲ့ "is" နဲ့ တွဲလို့ဖြစ်တာ။

**အက္ခရာသင်္ချာနည်းဖြင့် ရှင်းပြခြင်း**

be + (verb + ing) = be + adjective



mgyoe.com

mgyoe.com

= be + (verb + ing) = be + adjective

= (verb + ing) = (adjective)

ဒါကတော့ အက္ခရာသင်္ချာနည်းနဲ့ တွက်ပြလိုက်ခြင်းဖြစ်တယ်။ ညီမျှခြင်းလက္ခဏာရဲ့ တစ်ဖက်တစ်ချက်မှာရှိတဲ့ be တွေကို "ချေ" လိုက်ရင် (verb + ing) ဟာ (adjective) နဲ့ ညီမျှတယ်လို့ အဓိပ္ပာယ်ရတယ်။

[မှတ်ချက်။ ။Verb ကို ing ပေါင်းထည့်လိုက်ပြီး Noun (နာမ်)သဘောမျိုး ဖြစ်သွားတာလည်းရှိတယ်။ အဲဒီအခါမှာ " ခြင်း " လို့ အဓိပ္ပာယ်ထွက်ပြီး Gerund လို့ ခေါ်တယ်။ ဥပမာ . . . Running is good for health. ပြေးခြင်းသည် ကျန်းမာရေးအတွက် ကောင်းသည်။ ယင်းကဲ့သို့ အဓိပ္ပာယ် ထွက်တဲ့ running သည် အခု သင်ကြားပို့ချလိုတဲ့ သင်ခန်းစာနှင့် မသက်ဆိုင်။]

sleep + ing = sleeping အိပ်နေသော

sleeping baby = အိပ်နေသော ကလေးငယ်

The baby is sleeping. The baby was sleeping.

ကလေးငယ်သည် အိပ်နေသည်။ ကလေးငယ်သည် အိပ်နေခဲ့သည်။

bark + ing = barking ဟောင်နေသော

barking dog = ဟောင်နေသောခွေး

The dog is barking. The dog was barking.

ခွေးသည် ဟောင်နေသည်။ ခွေးသည် ဟောင်နေခဲ့သည်။

He is afraid of the barking dog.

သူသည် ဟောင်နေသော ခွေးကိုကြောက်သည်။

Present Participle တွေကို. . .

1. Present Participle + Noun (သို့မဟုတ်)
2. Be + Present Participle

ပထမနည်း ဒုတိယနည်း တစ်နည်းနည်းနဲ့ သုံးနိုင်တယ်။ နှစ်မျိုးလုံး နာမဝိသေသန သဘောမျိုးသာဖြစ်တယ်။ ပထမသုံးနည်းက


mgyoe.com

mgyoe.com

ပြဿနာမရှိ၊ ဒုတိယသုံးနည်းနဲ့ ပတ်သက်၍ သဘောပေါက်နိုင်ရဲ့ ထိုက်သင့်သလောက် ရှင်းပြဖို့ လိုအပ်လာပြန်တယ်။

ရှေ့မှာရှိနေတဲ့ be ဟာ အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလစသဖြင့် ဖြစ်ချင်တာဖြစ်နိုင်တယ်။ မည်သည့် ကာလပင်ဖြစ်ပါစေ၊ ယင်း be ကို ထည့်သွင်းမကောက်ယူဘဲ verb + ing တစ်လုံးတည်းကိုသာယူရင် သာ Present Participle ဖြစ်တယ်။

ဥပမာ . . .

The baby is sleeping. The baby was sleeping. ရှေ့မှာ is ရှိနေတဲ့ sleeping ဖြစ်စေ၊ ရှေ့မှာ was ရှိနေတဲ့ sleeping ဖြစ်စေ၊ Present Participle သာဖြစ်တယ်။ is ရှိနေရင် Present Participle ဖြစ်ပြီး was ရှိနေရင် Past Participle လို့ သတ်မှတ်လို့မရဘူး။

. . . is sleeping လို့ နှစ်လုံးတွဲယူရင် Present Continuous Tense ဖြစ်တယ်။

. . . was sleeping လို့ နှစ်လုံးတွဲယူရင် Past Continuous Tense ဖြစ်တယ်။

ကျန်ကြိယာတွေနဲ့ ပတ်သက်လာရင်လည်း ဒီအတိုင်းဆက်လက် သဘောပေါက်ပါ။

**Present Participle, Past Participle တို့ Verb မဟုတ်**

(၁) က ပြုလုပ်ခြင်းပြ၊ (၂) က ခံရခြင်းပြ

## 2. *Past Participle*

Past Participle ဆိုတာ စာသင်သားအများစု Verb Three လို့ နားလည်နေတဲ့ စကားလုံးတွေပဲ။ စင်စစ်အားဖြင့်ကတော့ လုံးဝ verb မဟုတ်ဘူး။ နာမဝိသေသနကဲ့သို့ အဓိပ္ပာယ်ရတဲ့ စကားလုံးသာဖြစ်တယ်။ Present Participle ကဲ့သို့ " ပြုလုပ်ခြင်း " ကို မဖော်ပြ။ " ခံရခြင်း " ကို ဖော်ပြတယ်။ ဥပမာ . . . . a broken table ကျိုးနေသော စားပွဲတစ်လုံး။ (စားပွဲက ချိုးခြင်းကိုခံရတာ)


mgyoe.com

mgyoe.com

The table is broken. စားပွဲသည် ချိုးခြင်းကိုခံရသည်။
The table was broken. စားပွဲသည် ချိုးခြင်းကို ခံခဲ့ရသည်။
အောက်ပါတို့ကိုကြည့်ပါ။

1.break, 2.breaking, 3.broke, 4.broken,

ဒီစကားလုံး လေးလုံးမှာ (1) နှင့် (3) တို့သာ verb (ကြိယာ) ဖြစ်တယ်။ (2) နဲ့ (4) က verb (ကြိယာ) မဟုတ်ဘူး။ Participle တွေ ဖြစ်တယ်။ (2)က break ဆိုတဲ့ Present Verb က ဆင်းသက်လာလို့ Present Participle ဖြစ်တယ်။

(4)က broke ဆိုတဲ့ Past Verb က ဆင်းသက်လာလို့ Past Participle ဖြစ်တယ်။ သူတို့တွေသာ verb ဖြစ်ရင် break နဲ့ broke ကို သုံးတဲ့ နည်းမျိုးနဲ့ သုံးလို့ရရမယ်။

အောက်ပါတို့ကိုကြည့်ပါ။

**I break** the stick.

ငါသည် တုတ်ချောင်းကို ချိုးသည်။

**I broke** the stick.

ငါသည် တုတ်ချောင်းကို ချိုးခဲ့သည်။

အထက်ပါကဲ့သို့သာ ပြောလို့ရတယ်။

**I breaking** the stick.

**I broken** the stick.

ဒီလိုတော့ ပြောလို့မရဘူး။

ဘာကြောင့်လည်းဆိုရင် breaking နဲ့ broken မှာ ကြိယာကဲ့သို့ စွမ်းအားမရှိလို့ဘဲ။ အောက်ပါအတိုင်း အမှားပြင်ပြောမှ ဖြစ်မယ်။

**I am breaking** the stick.

(Present Continuous Tense)

ငါသည် တုတ်ချောင်းကို ချိုးနေသည်။

(သို့မဟုတ်)


mgyoe.com

**I was breaking** the stick.

(Past Continuous Tense)

ငါသည် တုတ်ချောင်းကို ချိုးနေခဲ့သည်။

(သို့မဟုတ်)

**I have broken** the stick.

(Present Perfect Tense)

ငါသည် တုတ်ချောင်းကို ချိုးပြီးပြီ။

(သို့မဟုတ်)

**I had broken** the stick.

(Past Perfect Tense)

ငါသည် တုတ်ချောင်းကို ချိုးပြီခဲ့ပြီ။

အရေးကြီးလို့ တစ်ခါထပ်ပြောအုံးမယ်။ Tense (ကာလ)တွေ ဖြစ်သွားတာဟာ ရှေ့မှာရှိနေတဲ့ am, was, have, had တွေနဲ့ တွဲလိုက်လို့ Tense သဘော ဖြစ်သွားတာ-ကြိယာအရာပြောက်သွားတာ။

အထက်ပါ breaking တို့ broken တို့ကို တစ်လုံးချင်းယူရင် Tense (ကာလ) အရာမရောက်ဘူး။ ကြိယာအရာမပြောက်ဘူး။ ရှေ့မှာ ရှိချင်တဲ့ စကားလုံးရှိ။ breaking က Present Participle ဖြစ်တယ်။ broken က Past Participle ဖြစ်တယ်။

ဒါကြောင့် အင်္ဂလိပ်စကား မှန်မှန်ကန်ကန် ပြောတတ်ချင်ရင် ကြိယာတွေကို ကျက်မှတ်တဲ့အခါမှာ သဏ္ဍာန်လေးမျိုးရအောင် ကျက်မှတ်သင့်တယ်။

ကြိယာသဏ္ဍာန် (၄)မျိုးကို သက်ဆိုင်ရာ အခန်းဖြစ်တဲ့ Noun + be + Present Participle ; Noun + be + Past Participle အခန်းများကျမှ စာရင်းဇယားနဲ့တကွ ဆက်လက်ဖော်ပြမယ်။

အခု Noun (Pronoun) +be+ Noun အကြောင်းကို ခရီးဆက်ကြပါစို့။

❄ ❄ ❄ ❄ ❄



mgyoe.com

mgyoe.com

# အခန်း ( ၃ )

## NOUN (or PRONOUN) + BE + NOUN

### အသေးစိတ် အနုစိတ်လေ့ကျင့်ခြင်း

အခန်း(၁) မှာတုန်းက I am ....? I am not ......? စသည်တို့ကို တွေ့ခဲ့ပြီ။ အခုကွက်လပ်တွေထဲမှာ NOUN အမျိုးမျိုးထည့်ပြီး INTONATION ခေါ် အသံ အတက်အကျနဲ့တကွ လေ့ကျင့်မယ်။ တစ်မျိုးကို (၆) ကြောင်း လေ့ကျင့်မယ်။ (၆) ကြောင်းထဲက (၂) ကြောင်းက အဖြေတွေဖြစ်တယ်။ (၄) ကြောင်းက မေးခွန်းတွေ ဖြစ်တယ်။

အောက်ပါနာမ်များကို ကွက်လပ်တွေမှာ တစ်လှည့်စီထည့်ပြီး အင်္ဂလိပ်စကား ပြောကြားရွတ်ဆိုကြည့်ကြမယ်။

**အလွတ်ကျက်မှတ်ရန် နာမ်စကားလုံးများ**

student = ကျောင်းသား၊ teacher = ဆရာ/ဆရာမ၊
farmer = လယ်သမား၊ merchant = ကုန်သည်၊
accountant = စာရင်းကိုင်၊ car driver= ကားမောင်းသမား၊
typist = လက်နှိပ်စက်စာရေး/စာရေးမ၊
manager = မန်နေဂျာ၊ director = ညွှန်ကြားရေးမှူး၊
worker = အလုပ်သမား၊ gardener = ဥယျာဉ်မှူး၊
fisherman = တံငါသည် (အမျိုးသား)၊
fisherwoman= တံငါသည် (အမျိုးသမီး)၊
actor = သရုပ်ဆောင် (အမျိုးသား)၊
actress = သရုပ်ဆောင် (အမျိုးသမီး)၊
writer = စာရေးဆရာ/စာရေးဆရာမ၊
seaman = သင်္ဘောသား၊ officer = အရာရှိ၊
head of office = ရုံးအဖွဲ့မှူး၊ dancer = ကခြေသည်၊
housewife = အိမ်ရှင်မ၊ housemaid = အိမ်အကူ၊


mgyoe.com

mgyoe.com

vocalist = အဆိုတော်၊ singer = အဆိုတော်၊
clerk = စာရေး၊ carpenter = လက်သမား၊
mason = ပန်းရံဆရာ၊ mechanic = စက်ပြင်ဆရာ၊
engineer = အင်ဂျင်နီယာ၊ welder = သံဂဟေဆက်သူ၊
electrician = လျှပ်စစ်ပညာရှင်၊ soldier = စစ်သား၊
fitter = စက်ပစ္စည်းအစိတ်အပိုင်းများတပ်ဆင်သူ၊
doctor = ဆရာဝန်၊ nurse = သူနာပြု၊
tourist guide = (အတို tour guide) = ဧည့်လမ်းညွှန်၊
waiter = စားပွဲထိုး (အမျိုးသား)၊
waitress = စားပွဲထိုး (အမျိုးသမီး)၊
television = ရုပ်မြင်သံကြားစက်၊ computer = ကွန်ပျူတာစက်၊
typewriter = လက်နှိပ်စက်၊ heater = အပူပေးစက်၊
air conditioner (အတို air con) = လေအေးပေးစက်၊
radio = ရေဒီယို (အသံဖမ်းစက်)၊
cassette = ကက်ဆက်၊ hot plate = လျှပ်စစ်မီးဖို၊
refrigerator = (အတို fridge) = ရေခဲသေတ္တာ၊
professor = ပါမောက္ခ၊ lecturer = ကထိက၊
tutor = နည်းပြဆရာ/ဆရာမ၊ demonstrator = သရုပ်ပြဆရာ/ဆရာမ၊
senior assistant teacher (အတို S.A.T ) ▪ အထက်တန်းလက်ထောက်ဆရာ/ဆရာမ(ဝါ) အထက်တန်းပြဆရာ/ဆရာမ
junior assistant teacher (အတို J.A.T ) ▪ အလယ်တန်းလက်ထောက်ဆရာ/ဆရာမ(ဝါ)အလယ်တန်းပြဆရာ/ဆရာမ
primary assistant teacher (အတို P.A.T ) ▪ မူလတန်းလက်ထောက်ဆရာ/ဆရာမ။ မူလတန်းပြဆရာ/ဆရာမ
lawyar = ရှေ့နေ၊ policeman = ရဲသား၊
judge = တရားသူကြီး၊ shopkeeper = ဈေးဆိုင်ရှင်၊
customer = ဖောက်သည် (ဝယ်ယူစားသုံးအားပေးသူ)၊


mgyoe.com

mgyoe.com

salesman = အရောင်းစာရေး၊ salesgirl = အရောင်းစာရေးမ၊
saleswoman = အရောင်းစာရေးမ၊ composer = သီချင်းရေးဆရာ၊

## KINDS OF NOUNS
## နာမ်အမျိုးအစားများ

Noun ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု စသည့် သက်ရှိ သက်မဲ့ တို့၏ အမည်များကို ခေါ်သည်။ Noun အမျိုးအစားလေးမျိုးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

1. Proper Noun ကိုယ်ပိုင်နာမ်
2. Common Noun အများဆိုင်နာမ်
3. Collective Noun စုပေါင်းအုပ်တွဲနာမ်
4. Abstract Noun စိတ္တဇနာမ်

### 1. Proper Noun ကိုယ်ပိုင်နာမ်

လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု နှင့် အရပ်ဒေသတွေ၏ ကိုယ်ပိုင်အမည် ကို ခေါ်သည်။

| | | | |
|---|---|---|---|
| U Hla | Daw Mya Mya | Yangon | Bo Ni |
| ဦးလှ | ဒေါ်မြမြ | ရန်ကုန် | ဘိုနီ |

### 2. Common Noun အများဆိုင်နာမ်

မျိုးတူ သက်ရှိ သို့မဟုတ် သက်မဲ့၊ အရာဝတ္ထုအားလုံးနှင့်သက်ဆိုင် သည့် အများပိုင်အမည်တွေကို ခေါ်သည်။

| | | | | |
|---|---|---|---|---|
| man | dog | car | town | country |
| လူ | ခွေး | ကား | မြို့ | တိုင်းပြည် |

mgyoe.com

**3. Collective Noun စုပေါင်းအုပ်တွဲနာမ်**

တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ခုချင်း မတည်ရှိဘဲ၊ အုပ်စုတွဲနေလေ့ရှိသောနာမ်များကိုခေါ်သည်။

| | | | | |
|---|---|---|---|---|
| army | crowd | flock | group | team |
| စစ်တပ် | လူအုပ် | သိုး/ဆိတ်အုပ် | အဖွဲ့ | အသင်း |

4. Abstract Noun စိတ္တဇနာမ်

ကိုင်မရ မမြင်ရဘဲ အာရုံခံစားကြည့်လို့သာရတဲ့ နာမ်ကိုခေါ်သည်။

| | | | | |
|---|---|---|---|---|
| Pity | Pain | doubt | charity | beauty |
| သနားခြင်း | နာကျင်ခြင်း | သံသယ | လှူဒါန်းခြင်း | လှပခြင်း |
| Joy | death | fear | honesty | greed |
| ပျော်ရွှင်ခြင်း | သေခြင်း | ကြောက်ရွံ့ခြင်း | ရိုးသားခြင်း | လောဘ |

မှတ်ချက် ။ ယခုခေတ် အင်္ဂလိပ်သဒ္ဒါကျမ်းများ၌ Material Noun ကုန်ကြမ်းပစ္စည်း၊ နာမ်များကို သီးခြားတစ်ကဏ္ဍ ထည့်သွင်းဖော်ပြလေ့မရှိတော့။ Common Noun ထဲတွင် ထည့်သွင်းသည်။

Noun တွေကို နှစ်မျိုးထပ်ခွဲနိုင်သည်။ ၎င်းတို့မှာ -

1. Countable Noun ရေတွက်၍ရသောနာမ်
2. Uncountable Noun ရေတွက်၍မရသောနာမ်ဖြစ်သည်။

1. Countable Noun ရေတွက်၍ရသောနာမ်

တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ စသည်ဖြင့် ရေတွက်၍ရသော Noun ကို Countable Noun ဟုခေါ်သည်။

boy လူကလေး၊ pen ဖောင်တိန်၊ book စာအုပ်၊ dog ခွေး

2. Uncountable Noun ရေတွက်၍မရသောနာမ်

တစ်ခု၊ တစ်ကောင်၊ တစ်ယောက် စသည်ဖြင့် ရေတွက်၍မရသော



mgyoe.com

mgyoe.com

Noun ကို Uncountable Noun ဟုခေါ်သည်။
meat အသား၊ water ရေ milk နို့၊ money ပိုက်ဆံ/ငွေ၊ rice ဆန်

**Number** ဆိုသည်မှာ အရေအတွက်ဖြစ်သည်။ ရေတွက်၍ရသော နာမ်တွေမှာ Number နှစ်မျိုးစလုံးရှိသည်။ ၎င်းတို့မှာ -

(1) Singular Number အနည်းကိန်း

(2) Plural Number အများကိန်း

**မှတ်ချက်** ။ Uncountable Noun ရေတွက်၍မရသော နာမ်များသည် Singular Number အနည်းကိန်းဖြစ်သည်။

## NUMBER OF NOUNS

နာမ်အနည်းကိန်း/အများကိန်း

နာမ်များကို အများကိန်းသို့ပြောင်းလိုလျှင် များသောအားဖြင့် နာမ်များကို အောက်ပါအတိုင်း 's' ပေါင်းထည့်ရသည်။

| boy | boys | girl | girls | day | days |
|---|---|---|---|---|---|
| လူကလေး | လူကလေးများ | မိန်းကလေး | မိန်းကလေးများ | နေ့ | နေ့များ |

## Exceptions ခြွင်းချက်

အချို့သော နာမ်တွေကို အများကိန်းပြုလုပ်ရာတွင် တစ်တည်းတစ်ဖုံ ခြားနားကြသည်။ အောက်ပါတို့ကို သေချာစွာ လေ့လာမှတ်သားပါ။

1. sh, ch,x, o, ss တို့နှင့် ဆုံးသည့် နာမ်တွေကို 'es' ပေါင်းထည့်ရသည်။

| bush | brushes | church | churches |
|---|---|---|---|
| ဝက်မှင်ဘီး | ဝက်မှင်ဘီးများ | ဘုရားရှိခိုးကျောင်း | ဘုရားရှိခိုးကျောင်းများ |

| box | boxes | tomato | tomatoes | glass | glasses |
|---|---|---|---|---|---|
| သေတ္တာ | သေတ္တာများ | ခရမ်းချဉ်သီး | ခရမ်းချဉ်သီးများ | ဖန်ခွက် | ဖန်ခွက်များ |

2. y နှင့်ဆုံးပြီး ရှေ့မှာ consonant တစ်လုံးရှိနေသည့် နာမ်ကိုကျ


mgyoe.com

တော့ y ကို ဖြုတ်ပြီး ies ပေါင်းထည့်ရသည်။

pony ponies lady ladies baby babies
မြင်းပု မြင်းပုများ ဂုဏ်သရေရှိအမျိုးသမီး ဂုဏ်သရေရှိအမျိုးသမီးများ ကလေး ကလေးများ

y နှင့်ဆုံးပြီး ရှေ့မှာ vowel တစ်ခုရှိနေသည့် နာမ်ကိုတော့ 's' သာထည့်ရသည်။———

boy boys day days key keys
လူကလေး လူကလေးများ နေ့ နေ့များ သော့ သော့များ

3. f သို့မဟုတ် fe နဲ့ဆုံးသည့် နာမ်များကို f သို့မဟုတ် fe ကို ဖြုတ်ပြီး ves ပေါင်းထည့်ရသည်။

thief thieves knife knives leaf leaves
သူခိုး သူခိုးများ သားလှီးဓား သားလှီးဓားများ သစ်ရွက် သစ်ရွက်များ

4. အချို့သော နာမ်များကို အောက်ပါအတိုင်း vowel (a,e,i,o,u) ပြောင်းပြီး အနည်းကိန်းမှ အများကိန်း ဖြစ်လာသည်။

man men toot teet woman women
လူကြီး လူကြီးများ ခြေထောက် ခြေထောက်များ မိန်းမ မိန်းမများ

## GENDER OF NOUNS

**လိင်ခွဲခြားခြင်း (ဝါ) နာမ်အထီးအမ ခွဲခြားခြင်း**

1. Boy ဆိုသည်မှာ အထီး၏ အမည်နာမဖြစ်သည်။ ထို့ကြောင့် Masculine Gender ဟုခေါ်သည်။ လူသို့မဟုတ် တိရစ္ဆာန်အထီးတွေ၏အမည်နာမ အခေါ်အဝေါ်တွေကို Masculine Gender အဖြစ်သတ်မှတ်သည်။

man uncle lion bull ox
လူကြီး ဦးလေး ခြင်္သေ့ထီး နွားသိုး နွားထီး

2. Ma ni ဆိုသည်မှာ အမရဲ့အမည်ဖြစ်သည်။ ထို့ကြောင့် Feminine



mgyoe.com

mgyoe.com

Gender ဟုခေါ်သည်။ လူ သို့မဟုတ် တိရစ္ဆာန်အမတွေကို ကိုယ်စား ပြုသည့် နာမ်အခေါ်အဝေါ်မှန်သမျှ Feminine Gender ထဲမှာ ပါဝင်သည်။

| | | | | |
|---|---|---|---|---|
| woman | aunt | lioness | cow | bitch |
| မိန်းမ | အဒေါ် | ခြင်္သေ့မ | နွားမ | ခွေးမ |

3. Child သည် အထီးလည်းဖြစ်နိုင်သလို၊ အမလည်းဖြစ်နိုင်သည်။ ထို့ကြောင့် ယင်းကို Common Gender အဖြစ် သတ်မှတ်သည်။ အထီးရော အမရော နှစ်မျိုးလုံး တစ်ခုခုဖြစ်နိုင်သော အောက်ပါကဲ့သို့သော နာမ်များသည်လည်း Common Gender များဖြစ်သည်။

| | | | | |
|---|---|---|---|---|
| friend | cousin | pupil | person | parent |
| သူငယ်ချင်း | ဝမ်းကွဲ | တပည့် | လူ | မိဘ |

4. Box ဆိုသည်မှာ အသက်မရှိသည့် အရာဝတ္ထုတစ်ခုရဲ့ အမည် သညာပဲဖြစ်သည်။ ဒါကြောင့် ယင်းကို Neuter Gender ဟုခေါ်သည်။ Neuter ဆိုသည်မှာ Neither နှင့် အဓိပ္ပာယ်တူဖြစ်သည်။ ဘယ်ဟာမှ မဟုတ်ဟု ဆိုလိုသည်။ အထီးလည်းမဟုတ်၊ အမလည်းမဟုတ်ဟု ဆိုလို သည့် သဘောဖြစ်သည်။

| | | | | |
|---|---|---|---|---|
| table | chair | ball | knife | tree |
| စားပွဲ | ကုလားထိုင် | ဘောလုံး | သားလှီးဓား | သစ်ပင် |

အချို့သော Noun တွေသည် အောက်ပါအတိုင်း Masculine နှင့် Feminine ပုံစံကွဲများ ရှိကြသည်။

| | | | |
|---|---|---|---|
| boy | girl | king | queen |
| လူကလေး | မိန်းကလေး | ဘုရင် | ဘုရင်မ |

mgyoe.com

## NOUN (or PRONOUN) + BE + NOUN
## SIMPLE PRESENT TENSE
## နာမ်(သို့မဟုတ် နာမ်စား) + ဘီ + နာမ်
## ရိုးရိုးပစ္စုပ္ပန်ကာလ

### First Person Singular

(1) I am a student.
ငါဟာ ကျောင်းသားတစ်ယောက်ဖြစ်တယ်။

(2) I am not a student.
ငါဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူး။

(3) Am I student?
ငါဟာ ကျောင်းသားတစ်ယောက် ဖြစ်သလား။

(4) Aren't I a student?
ငါဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးလား။

(5) I am a student, aren't I?
ငါဟာ ကျောင်းသားတစ်ယောက် ဖြစ်တယ်နော်၊ မဖြစ်ဘူးလား။

(6) I am not a student, am I?
ငါဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးနော်၊ ဖြစ်သလား။

### First Person Plural

(1) We are students.
ငါတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်။

(2) We aren't students.
ငါတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူး။

(3) Are we students?
ငါတို့ဟာ ကျောင်းသားများ ဖြစ်ကြသလား။

(4) Aren't we students?
ငါတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးလား။

mgyoe.com

(5) We are students, aren't we?
ငါတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်နော်၊ မဖြစ်ကြဘူးလား။

(6) We aren't students, are we?
ငါတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးနော်၊ ဖြစ်ကြသလား။

## Second Person Singular

(1) You are a student.
မင်းဟာ ကျောင်းသားတစ်ယောက်ဖြစ်တယ်။

(2) You aren't a student.
မင်းဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူး။

(3) Are you a student?
မင်းဟာ ကျောင်းသားတစ်ယောက် ဖြစ်သလား။

(4) Aren't you a student?
မင်းဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးလား။

(5) You are a student, aren't you?
မင်းဟာ ကျောင်းသားတစ်ယောက် ဖြစ်တယ်နော်၊ မဖြစ်ဘူးလား။

(6) You aren't a student, are you?
မင်းဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးနော်၊ ဖြစ်သလား။

## Second Person Plural

(1) You are students.
မင်းတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်။

(2) You aren't students.
မင်းတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူး။

(3) Are you students?
မင်းတို့ဟာ ကျောင်းသားများ ဖြစ်ကြသလား။

(4) Aren't you students?
မင်းတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးလား။



mgyoe.com

(5) You are students, aren't you?
မင်းတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်နော်၊ မဖြစ်ကြဘူးလား။
(6) You aren't students, are you?
မင်းတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးနော်၊ ဖြစ်ကြသလား။

## Third Person Singular

(1) He is a student.
သူဟာ ကျောင်းသားတစ်ယောက်ဖြစ်တယ်။
(2) He isn't a student.
သူဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူး။
(3) Is he a student?
သူဟာ ကျောင်းသားတစ်ယောက် ဖြစ်သလား။
(4) Isn't he a student?
သူဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးလား။
(5) He is a student, isn't he?
သူဟာ ကျောင်းသားတစ်ယောက် ဖြစ်တယ်နော်၊ မဖြစ်ဘူးလား။
(6) He isn't a student, is he?
သူဟာ ကျောင်းသားတစ်ယောက် မဖြစ်ဘူးနော်၊ ဖြစ်သလား။

## Third Person Plural

(1) They are students.
သူတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်။
(2) They aren't students.
သူတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူး။
(3) Are they students?
သူတို့ဟာ ကျောင်းသားများ ဖြစ်ကြသလား။
(4) Aren't they students?
သူတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးလား။


mgyoe.com

mgyoe.com

(5) They are students, aren't they?

သူတို့ဟာ ကျောင်းသားများ ဖြစ်ကြတယ်နော်၊ မဖြစ်ကြဘူးလား။

(6) They aren't students, are they?

သူတို့ဟာ ကျောင်းသားများ မဖြစ်ကြဘူးနော်၊ ဖြစ်ကြသလား။

**မှတ်ချက်** ။ ။ He နဲ့ She မထူးတော့တဲ့ အတွက်ကြောင့် She ကို နောက်တစ်နေရာကျမှသာ သုံးနှုန်းလေ့ကျင့် မယ်။ it ကလည်း သက်မဲ့ပစ္စည်းသို့မဟုတ် တိရစ္ဆာန်ရဲ့ ကိုယ်စား ဖြစ်တဲ့အတွက်ကြောင့် student နဲ့ တွဲသုံးလို့မဖြစ်ဘူး။

## ဖြစ်ပေါ်လာသော အတွေးကို နှုတ်ဖြင့် အင်္ဂလိပ်လို အက္ခရာတင်ခြင်း၊ ရိုးရိုးပစ္စုပ္ပန်ကာလ

အောက်ပါ မြန်မာဝါကျများနှင့် အဓိပ္ပာယ်ချင်းတူညီအောင် အင်္ဂလိပ်လိုပြောပါ။ ရေးပါ၊ အနည်းအများ ကိုက်ညီအောင်သတိပြု။

### First Person Singular

(၁) ငါဟာ လယ်သမားတစ်ယောက်ဖြစ်တယ်။

(၂) ငါဟာ လယ်သမားတစ်ယောက် မဖြစ်ဘူး။

(၃) ငါဟာ လယ်သမားတစ်ယောက် ဖြစ်သလား။

(၄) ငါဟာ လယ်သမားတစ်ယောက်မဖြစ်ဘူးလား။

(၅) ငါဟာ လယ်သမားတစ်ယောက်ဖြစ်တယ်နော်၊ မဖြစ်ဘူးလား။

(၆) ငါဟာ လယ်သမားတစ်ယောက်မဖြစ်ဘူးနော်၊ ဖြစ်သလား။

### First Person Plural

(၁) ငါတို့ဟာ လယ်သမားများ ဖြစ်ကြတယ်။

(၂) ငါတို့ဟာ လယ်သမားများ မဖြစ်ကြဘူး။

(၃) ငါတို့ဟာ လယ်သမားများ ဖြစ်ကြသလား။

(၄) ငါတို့ဟာ လယ်သမားများ မဖြစ်ကြဘူးလား။

mgyoe.com

mgyoe.com

(၅) ငါတို့ဟာ လယ်သမားများ ဖြစ်ကြတယ်နော်၊ မဖြစ်ကြဘူးလား။
(၆) ငါတို့ဟာ လယ်သမားများ မဖြစ်ကြဘူးနော်၊ ဖြစ်ကြသလား။

## Second Person Singular

(၁) မင်းဟာ လယ်သမားတစ်ယောက်ဖြစ်တယ်။
(၂) မင်းဟာ လယ်သမားတစ်ယောက် မဖြစ်ဘူး။
(၃) မင်းဟာ လယ်သမားတစ်ယောက် ဖြစ်သလား။
(၄) မင်းဟာ လယ်သမားတစ်ယောက် မဖြစ်ဘူးလား။
(၅) မင်းဟာ လယ်သမားတစ်ယောက် ဖြစ်တယ်နော်၊ မဖြစ်ဘူးလား။
(၆) မင်းဟာ လယ်သမားတစ်ယောက် မဖြစ်ဘူးနော်၊ ဖြစ်သလား။

## Second Person Plural

(၁) မင်းတို့ဟာ လယ်သမားများ ဖြစ်ကြတယ်။
(၂) မင်းတို့ဟာ လယ်သမားများ မဖြစ်ကြဘူး။
(၃) မင်းတို့ဟာ လယ်သမားများ ဖြစ်ကြသလား။
(၄) မင်းတို့ဟာ လယ်သမားများ မဖြစ်ကြဘူးလား။
(၅) မင်းတို့ဟာ လယ်သမားများ ဖြစ်ကြတယ်နော်၊ မဖြစ်ကြဘူးလား။
(၆) မင်းတို့ဟာ လယ်သမားများ မဖြစ်ကြဘူးနော်၊ ဖြစ်ကြသလား။

## Third Person Singular

(၁) သူဟာ လယ်သမားတစ်ယောက် ဖြစ်တယ်။
(၂) သူဟာ လယ်သမားတစ်ယောက် မဖြစ်ဘူး။
(၃) သူဟာ လယ်သမားတစ်ယောက် ဖြစ်သလား။
(၄) သူဟာ လယ်သမားတစ်ယောက် မဖြစ်ဘူးလား။
